# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံ ခုံအဖွဲ့




## မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ

## ( ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့ ဥပဒေ

၂၀၁၈ ခုနှစ်
ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၃။
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက် ပြည်ထောင်စုလွှတ်တော်သည်
ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ အမှတ် ၃၂ /၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

**အခွန်အယူခံခုံအဖွဲ့ရုံးလုပ်ငန်းအတွက် အသွင်ကူးပြောင်းရေးကာလသတ်မှတ်ခြင်း**

အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သော ပြင်ဆင်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် အသွင်ကူးပြောင်းရေးကာလကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၄၀ အရ သတ်မှတ်လိုက်သည်။


**အခွန်အယူခံ ခုံအဖွဲ့**

ရုံးအမှတ် ( ၄၆ )၊ နေပြည်တော်

ဖုန်း + ၉၅ ၆၇ ၃၄၃၀၅၆၁

ဖက်စ် + ၉၅ ၆၇ ၃၄၃၀၁၇၀

Email ict-enquiry-ratb@ratb.gov.mm

Facebook Revenue Appellate Tribunal Board

# အခွန်အယူခံ ခုံအဖွဲ့




ဦးဝင်းတင် ၊ ဥက္ကဋ္ဌ



ဒေါ်ခင်စန်းဦး ၊ အဖွဲ့ဝင်



ဦးမြင့်ဦး ၊ အဖွဲ့ဝင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၅၇ /၂၀၂၀

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်)

**အခွန်အယူခံခုံအဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၄(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်အယူခံခုံအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းတင် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ခင်စန်းဦး | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ဦး | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| (၅) | ဦးဇေယျကြည်ညွန့် | အဖွဲ့ဝင် |
| (၆) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| (၇) | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| (၈) | ဦးဝင်းတင် | အဖွဲ့ဝင် |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၂၆ /၁၆၅-အဖရ(အခွန်အယူခံ)/(၁၁/၂၀၂၀)။
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်။



ဦးကျော်ကျော် ၊ အဖွဲ့ဝင်



ဦးဇေယျကြည်ညွန့် ၊ အဖွဲ့ဝင်



ဒေါ်ရီရီမြင့် ၊ အဖွဲ့ဝင်



ဦးဝင်းတင် ၊ အဖွဲ့ဝင်



ဦးဝင်းနိုင် ၊ အဖွဲ့ဝင်

အခွန်အယူခံ ခုံအဖွဲ့

# ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ

# မဟာ ဗျူဟာ ၊ နည်း ဗျူဟာ နှင့် လုပ်ငန်း

# အစီအစဉ်များ

## ၂၀၂၀- ၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ် အထိ

# အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၏ ဥယျောဇဉ်



၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့် ကြော်ငြာစာ အမှတ် ၄၃/၂၀၂၀ ဖြင့် အခွန်အယူခံခုံအဖွဲ့ကို အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄ ၊ ပုဒ်မခွဲ(က) နှင့် အညီ စတင်ဖွဲ့စည်းခဲ့ပြီး နောက် ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals-SDGs)၊ မြန်မာ နိုင်ငံ၏ ရေရှည်တည်တန့် ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP) နှင့်အညီ မိမိတို့ ကိုယ်တိုင်စီစဉ်ကြံဆ၍ ပထမဆုံး ရေးဆွဲ ဆောင်ရွက်ခဲ့သည့် အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ နည်းဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ) ပေါ်ပေါက်လာသည့်အတွက် မိမိအနေဖြင့် များစွာ နှစ်ထောင်း အားရ ကျေနပ်မိ ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ရငွေများတွင် အခွန်အကောက်ရငွေများသည် အများဆုံးဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုသော် အခွန်အကောက်ရငွေများသည် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျသော ငွေပင်ငွေရင်းများဖြစ်ရာ၊ အခွန်အကောက် တွက်ချက်မှု၊ စည်းကြပ်မှုတို့သည် တည်ဆဲ အခွန်အကောက် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များနှင့် ညီညွတ်စေရန် အထူးလိုအပ်ပါသည်။ သို့သော် အခွန်စည်းကြပ်သည့် အခွန်အာဏာပိုင်များတွင် တရား စီရင်ရေး ဆိုင်ရာ အာဏာ သဘောရှိသည့် လုပ်ပိုင်ခွင့် (Quasi Judicial Power) နှင့် ချင့်ချိန်ဆောင်ရွက်ပိုင်ခွင့် (Discretionary Power) များကို အပ်နှင်း ထားရာ၊ ထိုအခွင့်အာဏာများကို သုံးစွဲ၍ အခွန်စည်းကြပ်မှု ဆုံးဖြတ်ချက် များသည် မျှတမှု၊ မှန်ကန်မှု ရှိရန်အပြင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူ များ၏ ယုံကြည်ကိုးစားမှု ရရှိရန်လည်း လိုအပ်ပါသည်။

လက်ရှိအချိန်တွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အခွန်အရပ်ရပ်မှ အပြည့်အဝကောက်ခံ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ မူလအခွင့်အရေးဖြစ်သည့် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်များအပြည့်အဝ ရရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန်လည်း အရေးတကြီး လိုအပ်လာပါသည်။

သို့အတွက်ကြောင့် အခွန်အယူခံခုံအဖွဲ့အား ၁၉၅၄၊ ၁၉၇၂၊ ၁၉၇၆၊ ၁၉၈၉၊ ၂၀၁၇ ခုနှစ်များတွင် ခိုင်မာသည့် ဥပဒေတစ်ရပ် မရှိဘဲ၊ အစိုးရအဆက်ဆက် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာမှ၊ ယခုအချိန်အခါ သမယတွင် အခွန်အယူခံခုံအဖွဲ့ကို ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်း၍ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အတိုင်း၊ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ထို့ပြင် အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များသည်လည်း တရားစီရင်ရေးဆိုင်ရာ အာဏာ (Quasi Judicial Power) သဘော ဆောင်သည့်အတွက် ပြည်ထောင်စုအစိုးရက စည်းကြပ်ကောက်ခံသည့် အခွန် အကောက်များနှင့် စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလာသော အမှုများအပေါ် ဥပဒေနှင့်အညီ မျှတ မှန်ကန်စွာ ပြန်လည်ပြင်ဆင် သုံးသပ်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အခွန်အယူခံခုံအဖွဲ့တွင်လည်း ဥပဒေ၊ အခွန်အကောက်၊ စာရင်းကိုင်၊ စာရင်းစစ် ပညာရပ်ဆိုင်ရာ နယ်ပယ်များမှ အတွေ့အကြုံရင့်ကျက်သူများ၊ ကျွမ်းကျင် ပညာရှင်များဖြင့် နိုင်ငံတကာစံနှုန်းနှင့် အညီထည့်သွင်းဖွဲ့စည်း၍ ပြုပြင်ပြောင်းလဲထားပါသည်။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ လိုလားတောင့်တသည့် “တရားမျှတမှု၊ ခုခံချေပနိုင်မှုနှင့် အယူခံနိုင်မှု” အခွင့်အရေးများကို ဖြည့်ဆည်းနိုင်ရန် “ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ” ဆိုသော ဆောင်ပုဒ်နှင့် အညီ ဤ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ)အား ပြည်သူလူထုသို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် တင်ပြအပ်ပါသည်။

ဤ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို အချိန်တိုအတွင်း ပေါ်ပေါက်လာရေးအတွက် တက်ညီလက်ညီ ကိုယ်စွမ်းဉာဏ်စွမ်းအပြည့် ကြိုးပမ်းအားထုတ်ပေးသည့် ခုံအဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများအားလုံးကိုလည်း အထူး အားဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိအပ်ပါသည်။

မိမိတို့အနေနှင့် လာမည့်နှစ်များအတွင်း အကောင်းဆုံးသော ဝန်ဆောင်မှုများ ပေးနိုင်ရန်၊ ပွင့်လင်းမြင်သာသည့် အခွန်ယဉ်ကျေးမှု တိုးတက် ဖြစ်ပေါ်လာရေးအတွက် အထောက်အပံ့ပေးသော ပိုမိုထိရောက်အကျိုး ရှိသည့် လုပ်ငန်းပုံစံအသစ်များဖြင့် လုပ်ဆောင်ရန်နှင့် စွမ်းအားအရင်းအမြစ်များကို ပိုမိုထိရောက်စွာ အသုံး ပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု လေးနက်စွာ ကတိပြုအပ်ပါသည်။

အခွန်အယူခံခုံအဖွဲ့အနေဖြင့် အပြုသဘောဆောင်သော တိုးတက် ပြောင်းလဲမှုများနှင့် အတူစွမ်းရည်ပြည့်မီသော အခွန်စီမံခန့်ခွဲမှု စနစ်အပေါ် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိလာစေရေး အတွက် မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုများနှင့်အတူ ကြိုးပမ်းလုပ်ဆောင် သွားမည် ဖြစ်ပါကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။

ဝင်းတင်
ဥက္ကဋ္ဌ
အခွန်အယူခံ ခုံအဖွဲ့

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်
နေပြည်တော်။

# မာ တိ ကာ

- နောက်ခံ အကျဉ်း - ၅
- အခွန်အယူခံ ခုံအဖွဲ့ နှင့် ခုံအဖွဲ့ရုံး၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ - ၆
- **အခွန်အယူခံ ခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက် နှင့် တန်ဖိုးများ** - ၉
  - မျှော်မှန်းချက် - ၉
  - ရည်မှန်းချက် - ၉
  - တန်ဖိုးများ - ၉
- အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ အကြောင်း အကျဉ်းချုပ် - ၁၀
- မြန်မာနိုင်ငံ၏ ရေရှည်တည်တန့်ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်အညီ ဦးစားပေး အစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်း အစီအစဉ်များ ( ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထိ) - ၁၁
  - မဟာဗျူဟာ ၁။ အယူခံ တင်သွင်းသော အမှုများ ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတ စေရေး - ၁၂
  - မဟာဗျူဟာ ၂။ အခွန်အယူခံ ခုံအဖွဲ့ နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး။ - ၁၅
  - မဟာဗျူဟာ ၃။ အခွန် စီမံခန့်ခွဲမှုစနစ်အပေါ် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းများ၏ ယုံကြည်မှု တိုးတက်လာစေရေး။ - ၁၉
  - မဟာဗျူဟာ ၄။ နိုင်ငံတကာ နှင့် ဒေသတွင်း အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အယူခံ ခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး။ - ၂၂
- ရည်မှန်းချက်၊ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်းစဉ်များ သရုပ်ပြပုံ - ၂၅

# နောက်ခံ အကျဉ်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည် နိုင်ငံတော်တွင် တရားဥပဒေ စိုးမိုးမှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ တိုးတက် မြင့်မားလာစေရန် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိရေးစသည့် နိုင်ငံသားများ၏ အခွင့်အရေးများကိုလည်း ကာကွယ်စောင့်ရှောက် ဆောင်ရွက်လျက်ရှိပါသည်။

အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလာသည့်အမှုများကို စီရင်ဆုံးဖြတ်မည့် အခွန်အယူခံခုံအဖွဲ့သည် လွတ်လပ်မှု ရှိရမည် ဖြစ်ပြီး၊ အမှုစီရင်ရာတွင်လည်း ပွင့်လင်းမျှတမှန်ကန်မှုရှိရန်လည်း မလွဲမသွေ လိုအပ်ပါသည်။

ယင်းအတွက်ကြောင့် အခွန်အယူခံခုံအဖွဲ့အား ၁၉၅၄၊ ၁၉၇၂၊ ၁၉၇၆၊ ၁၉၈၉၊ ၂၀၁၇ ခုနှစ်တို့တွင် ခိုင်မာသည့် ဥပဒေတစ်ရပ်မရှိဘဲ၊ အစိုးရအဆက်ဆက် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာမှ၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် တို့တွင် အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲ သတ်မှတ်ပြဋ္ဌာန်း၍ အခွန်အယူခံ ခုံအဖွဲ့ဥပဒေ ပုဒ်မ ၄ ၊ ပုဒ်မခွဲ (က) နှင့်အညီ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် အခွန်အယူခံခုံအဖွဲ့ကို နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အတိုင်း၊ သီးခြား လွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီ စနစ်သို့ အသွင်ကူးပြောင်းရာတွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင် ကြုံတွေ့ရပါသည်။ အခွန်အယူခံ ခုံအဖွဲ့သည် ပွင့်လင်းမြင်သာသော အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရေးအတွက် အထောက်အပံ့ ပေးနိုင်ရန်နှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ အခွင့်အရေးများ**ကို** ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် တို့ကိုလည်း အထူး အလေးထား ရည်မှန်းထားပါသည်။ သို့သော် ယင်းရည်မှန်းချက်များ**ကို** ရရှိနိုင်ရန်မှာ အခွန်အယူခံ ခုံအဖွဲ့နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံးတို့၏ အချိတ်အဆက် မိမိ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ပဓာနကျပါသည်။

အခွန်အယူခံခုံအဖွဲ့၏ သက်တမ်းသည် ငါးနှစ်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ MSDP ပထမ ငါးနှစ်စီမံကိန်း သက်တမ်းနှင့်အညီ ဖြစ်စေရန် ဤမဟာဗျူဟာ၊ နည်းဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များကို နှစ်နှစ်ကာလအတွက် (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ)သာ ရေးဆွဲထားခြင်း ဖြစ်ပါသည်။

ယခုရေးဆွဲထားသည့် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များမှာ နှစ်နှစ်ကာလ ဆောင်ရွက်ချက်ဖြစ်သော်လည်း၊ ယင်းနှစ်နှစ်ကာလဆောင်ရွက် ပြီးစီးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို MSDP ၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ် ရည်မှန်းချက်နှင့်အညီ ထပ်မံရေးဆွဲဆောင်ရွက်မည် ဖြစ်ပါသည်။

# အခွန် အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး၏ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

အခွန်အယူခံခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့်လုပ်ငန်းအစီအစဉ်များကို (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ)ရေးဆွဲရေး လုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး၏ အားသာချက်များနှင့် အားနည်းချက်များကို အသေးစိတ် သုံးသပ်ခဲ့ကြပါသည်။ ထို့ပြင် အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုလည်း သတ်မှတ် နိုင်ခဲ့ကြပါသည်။

အခွန်အယူခံ ခုံအဖွဲ့တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များအား ဥပဒေ၊ အခွန်အကောက်၊ စာရင်းကိုင်၊ စာရင်းစစ် ပညာရပ်ဆိုင်ရာနယ်ပယ်များမှ ပြည်တွင်းပြည်ပ အတွေ့အကြုံရင့်ကျက်သူများ၊ ကျွမ်းကျင်ပညာရှင် များဖြင့် နိုင်ငံတကာစံနှုန်းနှင့်အညီ ဖွဲ့စည်းထားခြင်းမှာ ခုံအဖွဲ့၏ အရေးပါသော အားသာချက် တစ်ချက် ဖြစ်သည်။ ခုံအဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် မလိုလားအပ်သည့် ဝင်ရောက် စွက်ဖက်မှုများ ကင်းဝေးပြီး ဥပဒေနှင့်အညီ မျှတ မှန်ကန်စွာ၊ လွတ်လပ်စွာ စီရင်ဆုံးဖြတ် နိုင်ရန် အထူး လိုအပ်ကြောင်းကို နားလည်သဘောပေါက်၍ ကျင့်ဝတ်သိက္ခာ နှင့်အညီ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်အားကိုးမှုများ ပိုမိုတိုးတက်၍ ရလဒ်ကောင်းများ ရရှိလာမည် ဖြစ်ပါသည်။

ခုံအဖွဲ့ရုံးတွင်လည်း ဥပဒေပါရဂူ (၂)ဦး၊ မဟာဥပဒေဘွဲ့ရ (၁)ဦး အပါအဝင် ဥပဒေဘွဲ့ရ (၁၀)ဦး၊ မဟာစီးပွားရေး ဘွဲ့ရ (၁) ဦး အပါအဝင် စီးပွားရေးဘွဲ့ရ (၇) ဦး၊ မဟာအင်္ဂလိပ်စာဘွဲ့ရ (၁)ဦး အပါအဝင် အင်္ဂလိပ်စာဘွဲ့ရ (၅)ဦး တို့ဖြင့် ခန့်ထားခဲ့ပြီး ဖြစ်သော်လည်း မကြာမီနှစ်များအတွင်း စာရင်းကိုင်၊ စာရင်းစစ် ပညာရပ်ဆိုင်ရာဘွဲ့ရများနှင့် ကွန်ပျူတာဘွဲ့ရများကိုလည်း ထပ်မံခန့်ထားမည် ဖြစ်ပါသည်။ ယင်းတို့ကို စဉ်ဆက်မပြတ် လေ့လာသင်ယူစေမှုနှင့် လုပ်ငန်းခွင်သင်ယူစေမှုများ ဖန်တီးပေးခြင်းဖြင့် ဝန်ထမ်းများ၏ တစ်ဦးချင်းလုပ်ငန်း ကျွမ်းကျင်မှုနှင့် ဌာနခွဲအလိုက် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက် လာစေမည့် အခွင့်အလမ်းများ ရရှိလာမည် ဖြစ်ပါသည်။

ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့အား နည်းစနစ်ကျနမှု၊ စည်းကမ်းတိကျမှုနှင့် ကောင်းမွန်စွာ ဖွဲ့စည်းထားမှုတို့သည် လုပ်ငန်းလုပ်ဆောင်ရင်း ရရှိခဲ့သည့် အတွေ့အကြုံ သင်ခန်းစာများပေါ် အခြေခံ၍ အတွေးသစ် အမြင်သစ်များဖြင့် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် အခွင့်အရေးကောင်းများကို ရရှိစေပါသည်။

ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် လုပ်ငန်းများဆောင်ရွက်ရာတွင် မိသားစုစိတ်ဓါတ်၊ အသင်းအဖွဲ့ စိတ်ဓါတ် ဆက်ဆံရေးများ တည်ဆောက်၍ အတူတကွ ကောင်းမွန်စွာ၊ စည်းလုံးညီညွတ်စွာ အလုပ်လုပ်ကိုင် နေကြပါသည်။ လုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းခွင်အခြေအနေ၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ထမ်း နေရာထိုင်ခင်း ရရှိမှုနှင့် ဝန်ထမ်းသက်သာချောင်ချိမှုများတွင် လိုအပ်မှုများ ရှိသော်လည်းကောင်းမွန် နွေးထွေး လုံခြုံသည့် လုပ်ငန်းခွင်အဖြစ် မှတ်ယူ၍ လုပ်ကိုင်နေကြပါသည်။

ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးတို့သည် သတင်းအချက်အလက် နည်းပညာ အသုံးပြုနိုင်မှု စွမ်းရည် အားနည်း သည့်အတွက် သုတေသနပြုမှုများကို လျင်မြန် ထိရောက်စွာဆောင်ရွက်ရန် အခက်အခဲရှိပြီး ရုံးလုပ်ငန်း များတွင် သတင်းအချက်အလက် နည်းပညာ ချိတ်ဆက် အသုံးပြုနိုင်မှုမှာလည်း အားနည်းနေပါသည်။ အချိန်နှင့် တပြေးညီ ခေတ်မီဆန်းသစ်လာသည့် သတင်းအချက်အလက် နည်းပညာများကို ထိရောက် အကျိုးရှိစွာ အသုံးချ ဆောင်ရွက်ရာတွင် စိန်ခေါ်မှု များ ရှိသော်လည်း ခုံအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်း များတွင် နည်းပညာ ဆိုင်ရာ အရည်အသွေးရှိခြင်း၊ ၎င်းတို့၏ နည်းပညာဆိုင်ရာ အရည်အသွေးများ တိုးတက် မြင့်မားလာအောင် အစဉ်အမြဲ လေ့လာဆည်းပူး နေခြင်းတို့ဖြင့် ထို စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက် နေကြပါသည်။ သတင်း အချက်အလက်နည်းပညာ၏ မရှိမဖြစ် အရေးပါမှုကို နားလည် သဘော ပေါက်၍ ရေရှည်ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းဗျူဟာ တစ်ရပ်ရေးဆွဲကာ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများက ယုံကြည် အားကိုး လာ၍ ခုံအဖွဲ့သို့ တင်သွင်းလာသော အမှုများ တိုးတက် များပြား လာခြင်းကြောင့် ခုံအဖွဲ့ကိုလည်း ဥပဒေ ရေးဆွဲ၍ အဆင့်မြှင့်တင် ဖွဲ့စည်းထားပါသည်။ ၎င်းဖွဲ့စည်းမှုနှင့် လိုက်လျောညီထွေမည့် ခုံအဖွဲ့ရုံး၏ ဝန်ထမ်း ဖွဲ့စည်းပုံကို ပြန်လည် သုံးသပ်၍ လိုအပ်သလို တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး၊ ၎င်းဝန်ထမ်း ဖွဲ့စည်းပုံ ခွင့်ပြု အင်အား အတိုင်း အရည်အချင်း ပြည့်မီသည့် ဝန်ထမ်းကောင်းများ ခန့်ထားနိုင်ရေးနှင့် ယင်းတို့ကို ရေရှည် တည်မြဲစေရေးစသည့် အခက်အခဲများကိုလည်း ကြုံတွေ့နေရပါသည်။ ၎င်းအခက်အခဲများ၏ အဓိက အကြောင်းတရားမှာ ဘဏ္ဍာငွေကြေး လိုသလောက် သုံးစွဲနိုင်မှု အကန့်အသတ်များ ရှိနေခြင်းပင် ဖြစ်ရာ ပြည်သူ့ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု စနစ်(Public Finance Management - PFM)တွင် ပါဝင်ရေး၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ အကူအညီ ထောက်ပံ့ငွေများ၊ ဘဏ္ဍာငွေကြေးများ ရှာဖွေရေး စသည်တို့အား စွမ်းအား ရှိသလောက် အတတ်နိုင်ဆုံး ဖြေရှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၏ အခွန်အယူခံ ခုံအဖွဲ့များနှင့် ချိတ်ဆက် ပူးပေါင်း၍ အခွန် အယူခံ ခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်းများနှင့်အညီ ခေတ်မီတိုးတက်လာစေရေးသည်လည်း အလွန် အရေး

ပါသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်နှင့်အညီ အချိန်အတိုင်းအတာ တစ်ခုအတွင်း အကောင်အထည် ဖော်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်မည် ဖြစ်ပါသည်။

ဤ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို အထက်ဖော်ပြပါ လေ့လာဆန်းစစ်မှုများအပေါ် အခြေခံ၍ ရေးဆွဲ ထားခြင်း ဖြစ်ပါသည်။ ဤ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ အတွက် တိကျပြတ်သားသည့် မူဝါဒ လမ်းညွှန်မှုများ ချမှတ်ပေးသော ခုံအဖွဲ့ဥက္ကဋ္ဌကိုလည်း အထူး ကျေးဇူးတင် ရှိပါသည်။ ခုံအဖွဲ့၏ မျှော်မှန်းချက်များနှင့် ရည်မှန်းချက် ပန်းတိုင်များသို့ အောင်မြင်စွာ ရောက်ရှိနိုင်ရေးအတွက် ဦးစားပေး အစီအစဉ်များ သတ်မှတ်၍ ကိုယ်စွမ်း ဉာဏ်စွမ်းပြည့် အင်အားပြည့် ကြိုးစားဆောင်ရွက်မည် ဖြစ်ပါသည်။

## အခွန်အယူခံ ခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက် နှင့် တန်ဖိုးများ

ဤ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ (၂၀၂၀-၂၀၂၂)သည် အခွန်အယူခံ ခုံအဖွဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် ခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ တန်ဖိုးများနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များအား ဖော်ပြထားပါသည်။ ဤမဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် အဆိုပါ မျှော်မှန်းချက်များကို စီမံကိန်း၏ ပန်းတိုင်အဖြစ်လည်းကောင်း၊ ရည်မှန်းချက်များကို ပန်းတိုင်သို့ ရောက်ရှိစေမည့် နည်းလမ်းများအဖြစ်လည်းကောင်း၊ တန်ဖိုးများကို လုပ်ငန်း စီမံခန့်ခွဲမှု ဆောင်ရွက်ရန် လမ်းညွှန်များအဖြစ်လည်းကောင်း၊ ထင်ဟပ်စေလျက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### မျှော်မှန်းချက် (Vision)

စွမ်းဆောင်ရည် မြင့်မားသော အခွန် စီမံခန့်ခွဲမှု တိုးတက် ဖြစ်ထွန်းရေး အတွက် ပွင့်လင်းမြင်သာပြီး မျှတ မှန်ကန်သည့် အခွန်အယူခံစနစ်ဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်း ဆောင်သူများ၏ ယုံကြည် အားထားမှုကို မြှင့်တင်ရန်

### ရည်မှန်းချက် (Mission)

- ပြည်ထောင်စုအစိုးရက စည်းကြပ်ကောက်ခံသည့် အခွန်အကောက် အမျိုးမျိုးအပေါ် အယူခံ ပိုင်ခွင့်နှင့်အညီ **ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအပါအဝင်** အခွန်ထမ်းဆောင်သူများက တင်သွင်း လာသည့် အမှုများကို လွတ်လပ်စွာ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ရန်
- **ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအပါအဝင်** အခွန်ထမ်းဆောင်သူများက ဥပဒေနှင့်အညီ အခွန်ပေးဆောင်ရာ၌ တရားမျှတမှု၊ ခုခံချေပနိုင်မှုနှင့် အယူခံနိုင်မှု အခွင့်အရေးများ အပြည့်အဝ ရရှိစေရေးအတွက် ကာကွယ် စောင့်ရှောက်ပေးရန်
- စွမ်းဆောင်ရည်မြင့်မားသည့် အခွန်စီမံခန့်ခွဲမှုယန္တရား တစ်ရပ်စဉ်ဆက်မပြတ် ဖြစ်တည်နေ စေရေး အတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အထောက်အကူပေးရန်

### တန်ဖိုးများ (Value)

- ပွင့်လင်းမြင်သာမှု
- လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု
- ဖြောင့်မတ်မှန်ကန်မှု နှင့် ယုံကြည် ကိုးစားမှု
- တန်းတူညီမျှမှုနှင့်တရားမျှတမှု
- ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင်သူများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးမှု

# မဟာဗျူဟာ လုပ်ငန်းနယ်ပယ်များ၊ ဦးစားပေး အစီအစဉ်များ

## မဟာဗျူဟာ လုပ်ငန်းနယ်ပယ်များ (Strategy)

အခွန်အယူခံခုံအဖွဲ့၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာ ဗျူဟာ လုပ်ငန်းနယ်ပယ် (၄)ရပ်ကို အောက်ပါအတိုင်းသတ်မှတ်ထားသည်-

- ❖ အယူခံတင်သွင်းသောအမှုများအားစီရင်ဆုံးဖြတ်ရာတွင်မှန်ကန်မျှတစေရေး
- ❖ အယူခံခုံအဖွဲ့နှင့်ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြင့်တင်ရေး
- ❖ အခွန်စီမံခန့်ခွဲမှုစံနစ်အပေါ် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအပါအဝင် အခွန်ထမ်းဆောင် သူများ၏ ယုံကြည်မှုတိုးတက်လာစေရေး
- ❖ နိုင်ငံတကာနှင့်ဒေသတွင်း အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အယူခံခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်း များနှင့်အညီ ခေတ်မီ တိုးတက်အောင် ဆောင်ရွက်ရေး

## မဟာဗျူဟာ ဦးစားပေး အစီအစဉ်များ

နှစ်နှစ်တာ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များသည် မဟာဗျူဟာ လုပ်ငန်းနယ်ပယ် (၄) ရပ်ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် နောင်လာမည့် နှစ်နှစ်တာတွင် ဆောင်ရွက်မည့် မဟာဗျူဟာ ရည်မှန်းချက် (၁၆) ရပ်၊ အစီအစဉ် (၃၇) ရပ် တို့ကို တိကျစွာ သတ်မှတ် ဖော်ပြထားပါသည်။

၎င်း မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များတွင် နှစ်နှစ်တာ မဟာဗျူဟာအစီအစဉ်များ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဦးစားပေးအစီအစဉ်များ သတ်မှတ်ရာတွင် ချက်ချင်းလုပ်ဆောင်ရမည့် လိုအပ် ချက်များ၊ လုပ်ငန်းအစီအစဉ်ပါ ဆက်လက် လုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များ၊ အရင်းအမြစ် များ ရရှိနိုင်မှုတို့ အပေါ် အခြေခံထားပါသည်။

| | |
|---|---|
| ဦးစားပေး အစီအစဉ် အဆင့် (၁) | ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ချက်ချင်း လုပ်ဆောင်ရန် အထူး အရေးကြီး မဟာဗျူဟာ အစီအစဉ်များ |
| ဦးစားပေး အစီအစဉ် အဆင့် (၂) | ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ရရှိနိုင်မည့် အရင်းအမြစ်များအရ အကောင်အထည်ဖော်မည့် ဦးစားပေး မဟာဗျူဟာ အစီအစဉ်များ |

# မြန်မာနိုင်ငံ၏ ရေရှည်တည်တန့်ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း နှင့်အညီ

## ဦးစားပေး အစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ

( ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထိ)

| မဟာဗျူဟာ / နည်းဗျူဟာ၊ လုပ်ငန်းစဉ် | မဟာဗျူဟာ ( ၁ ) | မဟာဗျူဟာ ( ၂ ) | မဟာဗျူဟာ ( ၃ ) | မဟာဗျူဟာ ( ၄ ) | မဟာဗျူဟာ (၄) ရပ် |
| --- | --- | --- | --- | --- | --- |
| **နည်းဗျူဟာ** | ၃ | ၅ | ၃ | ၅ | နည်းဗျူဟာ (၁၆) ရပ် |
| **လုပ်ငန်းစဉ်** | ၁၀ | ၁၄ | ၈ | ၅ | လုပ်ငန်းစဉ်ပေါင်း (၃၇) ခု |

**မဟာဗျူဟာ**

**( ၁ )** အယူခံ တင်သွင်း သော အမှုများ ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတ စေရေး။

**( ၂ )** အခွန်အယူခံ ခုံအဖွဲ့ နှင့် ဝန်ထမ်း များ၏ စွမ်းဆောင်ရည် မြှင့်တင် ရေး။

**( ၃ )** အခွန် စီမံခန့်ခွဲမှု စနစ်အပေါ် ပြည်တွင်း၊ ပြည်ပရင်းနှီးသူများ အပါအဝင် အခွန်ထမ်းဆောင်သူ များ၏ ယုံကြည်မှု တိုးတက် လာစေရေး။

**( ၄ )** နိုင်ငံ တကာ နှင့် ဒေသတွင်း အယူခံခုံ အဖွဲ့ များနှင့် ချိတ် ဆက် ပူးပေါင်း၍ အယူခံခုံ အဖွဲ့ အား နိုင်ငံတကာ စံနှုန်း များ နှင့် အညီ ခေတ်မီ တိုးတက် အောင် ဆောင် ရွက် ရေး။

**နည်းဗျူဟာ**

**မဟာဗျူဟာ ( ၁ )**

- အယူခံ တင်သွင်းလာသော အမှု များကို အခွန်အယူခံ ခုံအဖွဲ့ ဥပဒေနှင့်အညီ ကြားနာ ဆုံးဖြတ် ခြင်း။
- အမှုများ ကြားနာမှု၊ စီရင်ဆုံး ဖြတ်မှု ဆိုင်ရာ စံနှုန်းကို စဉ်ဆက် မပြတ် ဆန်းစစ် အကဲဖြတ်သည့် နည်းလမ်း ကို ကျင့်သုံးခြင်း။
- အယူခံမှု များကို ပြောင်းလဲ တိုး တက် လာသော ခေတ်စနစ်၏ အသိ အမြင် သစ်များ နှင့်အညီ ဆင်ခြင်တုံ တရား ဖြင့် မျှတစွာ ဆုံးဖြတ်၍ ဥပဒေ နှင့်အညီ တည့်မတ် မှန်ကန်စွာ စီရင် ခြင်း။

**မဟာဗျူဟာ ( ၂ )**

- မဟာဗျူဟာ ကို အကောင် အထည် ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံ ရမည့် အခက်အခဲများ၊ စိန်ခေါ်မှု များကို ရင်ဆိုင် ဖြေရှင်း နိုင်ရန် ခေါင်းဆောင်မှု နှင့် စီမံ ခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများ မြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း။
- ဝန်ထမ်း အသစ်များ ဖြည့်စွက် ခန့်ထားခြင်း နှင့် လုပ်ငန်းခွင် တည်မြဲ နေစေရေး ဆောင်ရွက် ခြင်း
- လေ့ကျင့်ရေး လိုအပ်ချက်များ (Training Needs) ကို သတ်မှတ် ဖော်ထုတ်၍ သင်ကြား ပို့ချခြင်း၊ အသိ ပညာ ဖြန့်ဝေ ခြင်း
- သတင်း အချက်အလက် နှင့် နည်းပညာ ကို ရုံးလုပ်ငန်း များ တွင် ပေါင်းစပ် အသုံး ပြုခြင်း။
- ဝန်ထမ်းများအတွက် စိတ်ရော ကိုယ်ပါ လုံခြုံမှု အပြည့်အဝ ပေးနိုင်သော၊ ကောင်းမွန်သော လုပ်ငန်းခွင် နှင့် သာယာ ပျော်ရွှင်မှု ကို ဖန်တီးပေးခြင်း

**မဟာဗျူဟာ ( ၃ )**


- ခေတ်စနစ်နှင့် လိုက်လျောညီထွေ ဖြစ်သည့် အခွန် စီမံခန့်ခွဲမှု စနစ် ပြုပြင် ပြောင်းလဲမှုကို အထောက် အကူ ဖြစ်စေမည့် အခွန် အယူခံ စနစ် တည်ထောင်ခြင်း။
- ခုံအဖွဲ့၏ တရားစီရင်မှုနှင့် ခုံအဖွဲ့ ရုံး၏ ဝန်ဆောင်မှု စွမ်းဆောင် ရည် ရေရှည် မြင့်မား တိုးတက် ရေး အတွက် စောင့်ကြည့် လေ့လာ သုံးသပ် တင်ပြ သည့် သုတေသန လုပ်ငန်း တစ်ခု ဖြစ် ပေါ် လာစေခြင်း။
- ပွင့်လင်း မြင်သာ၍ တရားမျှတ မှန်ကန်သည့် ခေတ်မီ နည်းစနစ် များ ကျင့်သုံးခြင်းဖြင့် အဂတိ ကင်းစင်ရေး ကြိုးပမ်း ဆောင် ရွက် ခြင်း။

**မဟာဗျူဟာ ( ၄ )**

- ဒေသတွင်း နိုင်ငံများတွင် ကျင့် သုံး နေသည့် အယူခံမှု လုပ်ငန်း စဉ် များကို လေ့လာ ဆန်းစစ်၍ အယူခံမှု လုပ်ငန်းစဉ် များကို တိုးတက် ကောင်းမွန်ရေး အတွက် ဆောင်ရွက်ခြင်း။
- ဒေသတွင်း နိုင်ငံများ၏ အယူခံမှု ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များ အား လေ့လာ ဆန်းစစ်ခြင်း။
- နိုင်ငံတကာနှင့် ဒေသတွင်း အခွန် အယူခံခုံအဖွဲ့များ နှင့် ဆက်သွယ် ခြင်း၊ အဖွဲ့ အစည်းများတွင် အဖွဲ့ဝင် ဖြစ်ရေး ကြိုးပမ်း ဆောင် ရွက်ခြင်း။
- လက်ရှိ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ/ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီမှု ရှိစေရန် ပြုပြင်ခြင်း။
- နိုင်ငံတကာ နှင့် ဒေသတွင်း အယူခံခုံအဖွဲ့ ဆိုင်ရာ အဖွဲ့အစည်း များနှင့် ပူးပေါင်း၍ ပညာရပ် ဆိုင်ရာ သင်တန်း များ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် ဟောပြော ပွဲများ ကျင်းပခြင်း။

# မဟာဗျူဟာ ၁

## အယူခံ တင်သွင်းသောအမှုများ ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတ စေရေး။



(၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထိ)

## မဟာဗျူဟာ ၁။ အယူခံ တင်သွင်းသော အမှုများ ကြားနာ ဆုံးဖြတ်ရာတွင် မှန်ကန် မျှတ စေရေး

| နည်းဗျူဟာ အစီအစဉ်များ | ဦးစားပေး အဆင့် | အချိန်သတ်မှတ်ချက် | တာဝန် ရှိသော အကောင် အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| **၁.၁။ အယူခံ တင်သွင်းလာသော အမှုများကို အခွန်အယူခံ ခုံ အဖွဲ့ဥပဒေ နှင့်အညီ ကြားနာ ဆုံးဖြတ်ခြင်း။** | | | | | |
| ၁.၁.၁။ တင်သွင်းလာသည့် အမှုတွဲများ နှင့် စပ်လျဉ်း၍ သတ်မှတ်ချက် များနှင့် ညီညွတ်ခြင်း ရှိ မရှိ၊ အထောက် အထား များ ပြည့် စုံစွာပါဝင်ခြင်း ရှိ မရှိ စိစစ် ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | အမှု တင်သွင်း ရာတွင် လိုက်နာ ရမည့် အချက် များအား ထုတ်ပြန် အသိပေးခြင်း | အမှု ကြန့်ကြာ ချိန်ကို လျှော့ချ နိုင်ခြင်း။ |
| ၁.၁.၂။ သက်ဆိုင်ရာ ဌာနများက စီမံ ခန့်ခွဲ သော ဥပဒေ၊ ယင်းနှင့် သက်ဆိုင်သည့် နည်း ဥပဒေ၊ ညွှန်ကြားချက်၊ အမိန့် များအား လက်တွေ့ ကျင့်သုံး ရာတွင် အထောက် အကူ ပြုနိုင်ရန် စုဆောင်း၍ လေ့လာ အသုံး ပြုခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | သက်ဆိုင်ရာ ဥပဒေ၊ နည်း ဥပဒေ၊ ညွှန်ကြားချက်၊ အမိန့် များ စုစည်းထားရှိ ဆောင် ရွက် ခြင်း၊ စာကြည့်တိုက် ထူ ထောင်ခြင်း | ခုံအဖွဲ့၏ စွမ်းဆောင် ရည် ကို တိုးတက် စေ ခြင်း။ ။ |
| ၁.၁.၃။ အမှု တင်သွင်းခြင်း နှင့် ရုံး လုပ်ငန်း ဆောင်ရွက်ခြင်း ဆိုင်ရာ ပုံစံများ၊ သက် ဆိုင်ရာ လုပ်ငန်း အလိုက် အခကြေးငွေ နှုန်းထား များကို စနစ် တကျ သတ်မှတ် ပြဋ္ဌာန်း ဆောင်ရွက် ရန်။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် ပြီးစီးမှုဖြင့် တိုင်း တာပါမည်။ | ယုံကြည်မှု နှင့် ပွင့် လင်း မြင်သာ မှုကို တိုးတက် စေခြင်း။ |
| ၁.၁.၄။ အခွန် အယူခံ ခုံအဖွဲ့မှ ဆုံးဖြတ် ပြီးစီး သော အမှုများအား လေ့လာ သုံးသပ် ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ | Case Management အကောင် အထည်ဖော်ခြင်း | အခွန်အယူခံခြင်း လုပ်ငန်းစဉ် အတွေ့အကြုံ ပိုမို ရရှိစေခြင်း။ |
| ၁.၁.၅။ နည်းဥပဒေကို ပြင်ဆင် ရေးဆွဲ၍ ပြည်ထောင်စု အစိုးရ အဖွဲ့ရုံး ဝန်ကြီး ဌာနမှ တစ်ဆင့် အစိုးရ အဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အခွန်အယူခံ ခုံအဖွဲ့ရုံး | ထုတ်ပြန် ပြီးစီးမှုဖြင့် တိုင်း တာ ပါမည်။ | လက်တွေ့အကောင် အထည် ဖော်နေ မှုနှင့် ညီညွတ်၍ ဥပဒေ နှင့် အညီ အ ကောင် အထည် ဖော်မှု ဖြစ်စေခြင်း။ |
| **၁.၂။ အမှုများ ကြားနာမှု၊ စီရင်ဆုံး ဖြတ်မှု ဆိုင်ရာ စံနှုန်းကို စဉ်ဆက် မပြတ် ဆန်းစစ် အကဲဖြတ်သည့် နည်းလမ်း ကို ကျင့်သုံး ခြင်း။** | | | | | |
| ၁.၂.၁။ စစ်ဆေးပြီး အမှုများ နှင့်၊ စစ် ဆေးဆဲ အမှုများ အား ပြန်လည် သုံးသပ် ခြင်းဖြင့် နောင် တွင် စစ်ဆေး ကြားနာ ရမည့် အမှုများ အတွက် Norm ဖြတ်ထုံး များကို စနစ် တကျ မျှော်မှန်း ဖော် ထုတ် သတ်မှတ် ဆောင် ရွက် ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ | ဖြတ်ထုံးများ သတ်မှတ်ခြင်း | စီရင် ဆုံးဖြတ်မှု ချော မွေ့ အောင် မြင် နိုင် ခြင်း။ |
| ၁.၂.၂။ ဘဏ္ဍာနှစ် အလိုက် အမှုပြီး ပြတ်မှုနှုန်း၊ ခုံအဖွဲ့၏ စီရင် ဆုံးဖြတ် ဆောင်ရွက် နိုင်မှု အခြေ အနေ များကို အမှုအမျိုး အစား အလိုက် အခြေပြ ဇယားဖြင့် | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် ပြီးစီးမှုဖြင့် တိုင်း တာပါမည်။ | ဆောင်ရွက် နိုင်မှု အခြေ အနေ ကို နှိုင်းယှဉ် သိမြင် နိုင် ခြင်း။ |

| နည်းဗျူဟာ အစီအစဉ်များ | ဦးစားပေး အဆင့် | အချိန်သတ်မှတ်ချက် | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| ရေးဆွဲ၍ ယှဉ်တွဲ ဖော်ပြခြင်း။ | | | | | |
| ၁.၂.၃။ ဥပဒေ ဘာသာရပ် ဆိုင်ရာ လေ့လာ သုံးသပ်မှု အလေ့ အကျင့် ကောင်းများ တိုးပွား လာ စေရေး အတွက် ခုံအဖွဲ့ အတွင်း ဥပဒေ ရေးရာ အသိ ပညာပေး (Legal Talk) များကို အခါအား လျော်စွာ စီစဉ်ပြုလုပ် ပေးခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် ပြီးစီးမှုဖြင့် တိုင်းတာပါမည်။ | စီရင် ဆုံးဖြတ်မှု စံနှုန်း မြင့်မား လာ နိုင်ခြင်း။ |
| **၁.၃။ အယူခံမှုများကို ပြောင်းလဲ တိုးတက်လာသော ခေတ် စနစ်၏ အသိ အမြင်သစ်များနှင့်အညီ ဆင်ခြင်တုံ တရားဖြင့် မျှတစွာ ဆုံးဖြတ်၍ ဥပဒေနှင့်အညီ တည့်မတ် မှန်ကန်စွာ စီရင်ခြင်း။** | | | | | |
| ၁.၃.၁။ အမှုစီရင် ဆုံးဖြတ်ခြင်းဆိုင်ရာ ပညာရပ် ကျွမ်းကျင်မှု မြင့်မား လာစေရန် ခုံအဖွဲ့ နှင့် အရာထမ်း များအား သက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက် စေခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | ဆောင်ရွက် ပြီးစီးမှုဖြင့် တိုင်းတာပါမည်။ | နယ်ပယ် စုံမှ အတွေး အမြင် များ ကို ရရှိနိုင် ခြင်း။ |
| ၁.၃.၂။ ခုံရုံး၏ သတင်း အချက်အလက် များ အား အများ ပြည်သူသို့ အသိပညာ ဖြန့်ဝေ ပေးခြင်းဖြင့် ခုံရုံး၏ ဆောင်ရွက်ချက် အပေါ် ပြည်သူများ၏ အကဲ ဖြတ်မှုကို ခံယူနိုင်ရန် ဆောင် ရွက်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | စီရင်ချက် များအား ပြန်တမ်းတွင် ထည့်သွင်း ကြေညာ နိုင်ရန် ပေးပို့ခြင်း၊ အသိပညာပေးခြင်းကို ဝင်ရောက် လေ့လာ မှုဖြင့် တိုင်းတာမည်။ | လုပ်ငန်း ဆိုင်ရာ အမြင် သစ် များ ကို ရရှိ နိုင် ခြင်း။ |

# မဟာဗျူဟာ ( ၂)

## အခွန်အယူခံ ခုံအဖွဲ့ နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး။



## အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ
## (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထိ)

### မဟာဗျူဟာ ၂။ အခွန်အယူခံ ခုံအဖွဲ့ နှင့် ဝန်ထမ်း များ၏ စွမ်း ဆောင်ရည် မြှင့်တင်ရေး။

| နည်းဗျူဟာ အစီအစဉ်များ | ဦးစား ပေး အ ဆင့် | အချိန် သတ် မှတ် ချက် | တာဝန် ရှိသော အကောင် အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| ၂.၁။ မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင် ဖြေရှင်းနိုင်ရန် ခေါင်းဆောင်မှု နှင့် စီမံ ခန့်ခွဲမှုဆိုင်ရာ အရည် အသွေးများ မြှင့်တင် နိုင်ရန် ဆောင်ရွက်ခြင်း။ | | | | | |
| ၂.၁.၁။ စီမံခန့်ခွဲသူများ အတွက် လိုအပ်သည့် ခေါင်းဆောင်မှု စွမ်းရည် (Leadership Skills) နှင့် စီမံခန့်ခွဲမှု စွမ်းရည် (Management Skills) များကို မြှင့် တင်ပေးခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | စီမံ ခန့်ခွဲမှု နှင့် ခေါင်းဆောင် မှုဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ တက်ရောက်ခြင်း။ | စီမံ ခန့်ခွဲမှု နှင့် ခေါင်းဆောင် မှု ဆိုင်ရာ စွမ်းရည် တိုးတက် လာခြင်း။ |
| ၂.၁.၂။ စွမ်းဆောင်ရည် မြှင့်တင် ဖော်ဆောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုင်ရာ တို့ကို အဓိက လုပ်ဆောင်ချက် ညွှန်းကိန်း (Key Performance Indicator) များ နှင့် ရလဒ် (Score) များ သတ်မှတ်ပြီး အကဲဖြတ် သုံးသပ်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | အဓိက လုပ်ဆောင်ချက် ညွှန်းကိန်း (Key Performance Indicator) ၊ ရလဒ် (Score ) သတ်မှတ်ချက် နှင့် အကဲဖြတ် သုံးသပ်ချက် မှတ်တမ်း။ | တစ်ဦးချင်း လိုက်နာဆောင်ရွက် မှုကို အကဲ ဖြတ် နိုင်ပြီး စွမ်းဆောင်ရည် ကို တိုးတက် စေခြင်း။ |
| ၂.၁.၃။ ခုံအဖွဲ့နှင့် ဝန်ထမ်းများဆိုင်ရာ စံနမူနာ ကျင့်ဝတ် လက်စွဲစာအုပ် ရေးဆွဲပြီး လိုက်နာကျင့်သုံးနိုင်ရေး စီမံ ဆောင်ရွက်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | ကျင့်ဝတ် လက်စွဲ ရေးဆွဲ ထုတ်ပြန်ခြင်း။ | စည်းကမ်း လိုက်နာမှုကို တိုးတက် စေခြင်း။ |
| ၂.၂။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်မားရေးနှင့် လုပ်ငန်းခွင် တည်မြဲ နေစေရေး ဆောင်ရွက်ခြင်း။ | | | | | |
| ၂.၂.၁။ လုပ်ငန်း စွမ်းဆောင်ရည် အခြေပြု အကဲဖြတ်သည့် စနစ် (Performance-based Staff Appraisal System) ကို သတ်မှတ် အကောင်ထည် ဖော်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | အကဲဖြတ်သည့် စနစ် ရေးဆွဲပြီးစီးခြင်း၊ စနစ်နှင့်အညီ အကဲဖြတ် အကောင်အထည် ဖော်နိုင်ခြင်း။ | တစ်ဦးချင်း လိုက်နာဆောင်ရွက် မှုကို အကဲ ဖြတ်နိုင်ပြီး စွမ်းဆောင် ရည် ကို တိုးတက် စေခြင်း။ |
| ၂.၂.၂။ ဝန်ထမ်းသစ် ရွေးချယ် ခန့်အပ်မှု၊ ရာထူး တိုးမြှင့်မှု စနစ်များကို အထောက်အကူပြု သည့် ခေတ်မီ လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ကို ဖော်ထုတ် ကျင့်သုံးခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | အကဲဖြတ်သည့် စနစ် ရေးဆွဲပြီးစီးခြင်း၊ စနစ်နှင့်အညီ အကဲဖြတ် အကောင်အထည် ဖော်နိုင်ခြင်း။ | စနစ် ကျနစွာ အဂတိ ဖြစ်စေမှုမှ ရှောင်ရှား နိုင်ခြင်း။ |
| ၂.၂.၃။ ပြောင်းလဲလာသည့် လုပ်ငန်းနှင့် လိုက်လျောညီထွေ ဖြစ်မည့် ဖွဲ့စည်းပုံ ပြင်ဆင် ရေးဆွဲခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ဖွဲ့စည်းပုံ ရေးဆွဲခြင်း နှင့် အတည်ပြုခြင်း | လုပ်ငန်း ဝန်ထုတ် ဝန်ပိုး မဖြစ်စေဘဲ ထိရောက် သည့် စီမံခန့်ခွဲမှု ဖြစ်စေခြင်း။ |
| ၂.၃။ လေ့ကျင့်ရေး လိုအပ်ချက်များ (Training Needs) ကို သတ်မှတ် ဖော်ထုတ်၍ သင်ကြား ပို့ချခြင်း၊ အသိ ပညာ ဖြန့်ဝေခြင်း | | | | | |
| ၂.၃.၁။ ဝန်ထမ်း အဆင့်တိုင်းတွင် လုပ်ခွင့်မပျက် စဉ်ဆက် မပြတ် လေ့ကျင့်ပေးခြင်း၊ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | လေ့ကျင့်ရေး အစီအစဉ်များ အကောင် အထည်ဖော်ခြင်း၊ | စွမ်းဆောင်ရည် ကို တိုးတက်စေခြင်း။ |

| နည်းဗျူဟာ အစီအစဉ်များ | ဦးစားပေး အဆင့် | အချိန်သတ်မှတ်ချက် | တာဝန် ရှိသော အကောင်အထည်ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| ကနဦး လုပ်ငန်းခွင် သင်တန်းများဖြင့် စတင် ခန့်ထားသည့် ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်း။ | | | | ဉာဏ်သစ်လောင်း သင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၂.၃.၂။ အနာဂတ်ကာလတွင် ခေတ်မီ အောင်မြင်သော ဌာနတစ်ခု ဖြစ်ပေါ်လာစေရန် ဥပဒေ ပညာရပ်များ စဉ်ဆက်မပြတ် လေ့လာ ဆည်းပူးခြင်း၊ အင်္ဂလိပ်စာ သင်တန်း၊ ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းနှင့် သက်ဆိုင်ရာဌာန အသီးသီးက ဖွင့်လှစ် ပို့ချ ပေးသည့် သင်တန်းများသို့ တက်ရောက် လေ့လာ ဆည်းပူးခြင်းနှင့် အခြား ဌာနများက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ အား ဖိတ်ခေါ်၍ သင်ကြား ပို့ချခြင်း ။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | လေ့ကျင့်ရေး အစီအစဉ်များ အကောင် အထည်ဖော်ခြင်း၊ ဉာဏ်သစ်လောင်း သင်တန်းများ ဖွင့်လှစ်ခြင်း | စွမ်းဆောင်ရည် ကို တိုးတက်စေခြင်း။ |
| **၂.၄။ သတင်းအချက်အလက် နှင့် နည်းပညာကို ရုံးလုပ်ငန်း များတွင် ပေါင်းစပ် အသုံးပြုခြင်း။** | | | | | |
| ၂.၄.၁။ အမှုတွဲ စီမံခန့်ခွဲခြင်း (Case Manage – ment) နှင့် စာရွက်စာတမ်း စီမံခန့်ခွဲခြင်း (Document Management) စနစ်သစ်ကို အကောင် အထည် ဖော်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ကျင့်သုံး အကောင် အထည် ဖော်နိုင်မှု ဖြင့် တိုင်းတာ ပါမည်။ | လုပ်ငန်း ဆောင်ရွက်မှုကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။ |
| ၂.၄.၂။ မှန်ကန် မြန်ဆန်မှုနှင့် သတင်း အချက်အလက် လုံခြုံရေး၊ အခွန်ထမ်းများအား ထိရောက်သော ဝန်ဆောင်မှု ပေးစေရေး အတွက် e – government System လေ့ကျင့် ထူထောင်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ကျင့်သုံး အကောင် အထည် ဖော်နိုင်မှု ဖြင့် တိုင်းတာ ပါမည်။ | အခွန်ထမ်း များ အတွက် ဝန်ဆောင်မှု ပိုမို ပေးနိုင်ခြင်း။ |
| ၂.၄.၃။ သတင်း အချက်အလက်ဆိုင်ရာ ပစ္စည်း များ ဖြစ်သည့် Server Computers, Data Storage စသည့်ပစ္စည်းများနှင့် ဆက်စပ် ပစ္စည်း များဖြစ်သော Printers, Scanners များ အရည်အသွေး ကောင်း မွန် ပြီး လုံလောက်စွာ သုံးစွဲနိုင်ရန်နှင့် ကွန်ယက် ( Network ) ချိတ်ဆက် အသုံး ပြုနိုင်ရေး ဘဏ္ဍာငွေ ခွဲဝေ ရရှိမှု ပေါ် မူတည် ပြီး တိုးချဲ့ဆောင်ရွက်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ကျင့်သုံး အကောင် အထည် ဖော်နိုင်မှု ဖြင့် တိုင်းတာ ပါမည်။ | လုပ်ငန်း ဆောင်ရွက်မှုကို ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။ |
| **၂.၅။ ဝန်ထမ်းများအတွက် စိတ်ရောကိုယ်ပါ လုံခြုံမှု အပြည့် အဝ ပေးနိုင်သော၊ ကောင်းမွန်သော လုပ်ငန်းခွင်နှင့် သာယာ ပျော်ရွှင်မှုကို ဖန်တီးပေးခြင်း** | | | | | |
| ၂.၅.၁။ ဝန်ထမ်းများ၏ နေထိုင် သွားလာရေး၊ ကျန်းမာရေး၊ ပညာရေး တို့အတွက် အထောက် အပံ့များကို တတ်နိုင် သမျှ ပံ့ပိုး ပေးခြင်း။ | အဆင့် ၁ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ရုံး | နေထိုင်ရေးကို ဝန်ထမ်းအင်အား၏ ၇၅ % ရရှိအောင် ဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးအတွက် ထောက်ပံ့ခြင်း | လုပ်ငန်း အပေါ် အလေးထား မှုကို ဖြစ်ပေါ် စေခြင်း။ |
| ၂.၅.၂။ စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေး များ အား လစဉ် ကျင်းပရေးနှင့် မိမိဝန်ထမ်း များနှင့် လိုက်လျော ညီထွေဖြစ်စေမည့် | အဆင့် ၁ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ရုံး | လစဉ် ညှိနှိုင်း အစည်းအဝေး ပြုလုပ်ခြင်း၊ ဝန်ထမ်း ဆန္ဒ ဖော်ထုတ်ပွဲ ပြုလုပ်ခြင်း | လူစွမ်းအား အရင်း အမြစ် စီမံခန့်ခွဲမှု အတွက်အထောက် |

| နည်းဗျူဟာ အစီအစဉ်များ | ဦးစားပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| ပိုမို ကောင်း မွန်သော လုပ်ငန်းခွင် ဖြစ်ပေါ် လာစေရေး အသေးစိတ် အစီအမံများ ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ခြင်း။ | | | | | အကူ ဖြစ်စေခြင်း။ |
| ၂.၅.၃။ ဝန်ထမ်းများ အထက် အောက် အပြန်အလှန် လေးစားစွာ ဆက်ဆံခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ကျင့်သုံး အကောင်အထည် ဖော်နိုင်မှုဖြင့် တိုင်းတာ ပါမည်။ | ဌာနတွင်း စည်းလုံး ညီညွတ်မှု ဖြစ်ပေါ် စေခြင်း။ |

# မဟာဗျူဟာ ၃

## အခွန် စီမံခန့်ခွဲမှုစနစ် အပေါ် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်မှု တိုးတက်လာစေရေး။



# အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ

## (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထိ)


**မဟာဗျူဟာ ၃။** အခွန်စီမံခန့်ခွဲမှုစနစ်အပေါ် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်မှု တိုးတက်လာစေရေး။

| နည်းဗျူဟာ အစီအစဉ်များ | ဦးစား ပေး အ ဆင့် | အချိန် သတ် မှတ် ချက် | တာဝန် ရှိသော အကောင် အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| **၃.၁။ ခေတ်စနစ်နှင့် လိုက်လျောညီထွေ ဖြစ်သည့် အခွန် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှုကို အထောက်အကူ ဖြစ်စေမည့် အခွန်အယူခံ စနစ် တည်ထောင်ခြင်း။** | | | | | |
| ၃.၁.၁။ အခွန်အယူခံခြင်းနှင့် ဆက်နွယ်သည့် နယ်ပယ် အသီးသီးတွင် ပြုပြင်ပြောင်းလဲမှု၏ အကျိုး သက်ရောက်မှုများ၊ စိန်ခေါ်မှု များကို ကြိုတင်ခန့်မှန်း၍ လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | ပွင့်လင်းမြင်သာပြီး တရားမျှတ မှန်ကန်သည့် အခွန်အယူခံခြင်း ဆိုင်ရာ လုပ်ထုံးလုပ် နည်းများ ရေးဆွဲခြင်း၊ ဆက်စပ် နယ်ပယ် အသီးသီးမှ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ များတွင် အခွန်အယူခံခြင်း ဆိုင်ရာ ကိစ္စရပ်များ အတွက် အကြံပြု တင်ပြခြင်း | အခွန်ထမ်းများ အား ထားရာ ခိုင်မာသည့် လုပ်ထုံး လုပ်နည်းများ နှင့် ရှင်းလင်း တိကျမှန်ကန်သော စီရင်ချက်များ၊ ဝန်ဆောင်မှုများပေးနိုင်ခြင်း။<br>အခွန်ထမ်းများ သာတူညီမျှ အကျိုး ခံစား ခွင့်နှင့်စောင့်ကြည့်လေ့လာနိုင်သည့် အခွင့်အရေးများ အထောက် အကူပေး နိုင်ခြင်း။<br>မှန်ကန်သည့် ကိန်းဂဏန်း အချက်အလက်များဖြင့် တိုင်းတာ ဖော်ပြမည့် Data Base တည်ထောင်နိုင် ခြင်း။ |
| ၃.၁.၂။ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင် ပြောင်းလဲမှု များအား လေ့လာခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း ဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက် ခြင်း၊ လုပ်ငန်းခွင်များသို့ အခါ အားလျော်စွာ ကွင်းဆင်း လေ့လာ ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | အခွန်ထမ်း များ၏ လိုလားချက်များ၊ နစ်နာမှုများ ကို လေ့လာ ဖော်ထုတ်၍ ဥပဒေဘောင်အတွင်းမှ အကောင်းဆုံး ဝန်ဆောင်မှု ပေးခြင်းနှင့် လိုအပ်ချက် အပေါ် အကြံပြုခြင်း | ထိရောက်သည့် အခွန်အယူခံ စနစ်ကို အထောက်အကူ ဖြစ်စေခြင်း။ |
| **၃.၂။ ခုံအဖွဲ့၏ တရားစီရင်မှုနှင့် ခုံအဖွဲ့ရုံး၏ ဝန်ဆောင်မှု စွမ်းဆောင်ရည် ရေရှည်မြင့်မားတိုးတက်ရေးအတွက် စောင့်ကြည့်လေ့လာ သုံးသပ်တင်ပြသည့် သုတေသန လုပ်ငန်း တစ်ခုဖြစ်ပေါ် လာစေရန် ဖော်ဆောင်ခြင်း။** | | | | | |
| ၃.၂.၁။ မှန်ကန် မြန်ဆန်မှု နှင့် သတင်း အချက်အလက် လုံခြုံရေး၊ အခွန်ထမ်း များအား ထိရောက် သော | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ရုံး | ဘတ်ဂျက် ခွင့်ပြု ပေးနိုင်မှု အပေါ် မူတည်၍ အထောက်အကူပြု ပစ္စည်းများ ဖြည့် | အခွန်ထမ်း များ၏ လိုလားချက်ကို အကောင်းဆုံး ဖြည့် ဆည်းပေး နိုင် |

| နည်းဗျူဟာ အစီအစဉ်များ | ဦးစား ပေး အ ဆင့် | အချိန် သတ် မှတ် ချက် | တာဝန် ရှိသော အကောင် အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| ဝန်ဆောင်မှု ပေးစေရေး အတွက် e - government System လေ့ကျင့် ထူထောင် ခြင်း။ | | | | ဆည်း ဆောင်ရွက် ပေးနိုင် ခြင်း၊ ဝန်ထမ်း ခန့်ထား ခွင့်ပြုမှု အပေါ် မူတည်၍ သက်ဆိုင်ရာ နယ်ပယ် ကဏ္ဍ အလိုက် ဝန်ထမ်း အင်အား ခွဲဝေချထား ပေးနိုင်ခြင်း။ | မည့် မျှတ မှန်ကန်သော ခေတ်မီနည်းစနစ်ကို ဖော်ဆောင် ခွင့်ရရှိခြင်း၊ |
| ၃.၂.၂။ အခွန်ဆိုင်ရာ သတင်း အချက်အလက် ရင်းမြစ်များ၊ ဆုံးရှုံးနိုင်ခြေများ နှင့် စပ်လျဉ်း၍ အခွန် စီမံခန့်ခွဲမှု ဆိုင်ရာ ဆက်နွယ်သည့် ဌာနများနှင့် ဆွေးနွေး ညှိနှိုင်း ခြင်း၊ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ | ပြည်တွင်းအခွန်များ ဦးစီး ဌာန၊ အကောက်ခွန် ဦးစီး ဌာနတို့ အား ပထမအဆင့် ဆွေးနွေး ဖက်များ (Primary Counterparts) အဖြစ် အဓိက ထား ညှိနှိုင်း ဆွေးနွေးခြင်း အခွန်ဆိုင်ရာ အခြား ဌာနများ အား ဒုတိယ အဆင့် ဆွေးနွေး ဖက်များ ( secondary counterparts ) အဖြစ် ညှိနှိုင်း ဆွေးနွေး ခြင်း | အနာဂတ် အခွန်စီမံ ခန့်ခွဲ မှုတွင် အားကောင်း ခိုင်မာ သည့် စနစ်နှင့် ကျွမ်းကျင် မှုကို ရေရှည် ထိန်း သိမ်း နိုင်မည့် အချက် အလက်များ သိမ်း ဆည်း နိုင်ခြင်း နှင့် ကျွမ်းကျင် ဝန်ထမ်း များကို မွေးထုတ် ပေး နိုင် ခြင်း၊ |
| ၃.၂.၃။ ဝန်ဆောင်မှုနှင့် စွမ်းဆောင်ရည် စောင့်ကြည့် အစီရင်ခံသည့် သုတေ သန လုပ်ငန်း စဉ်ဆက် မပြတ် တိုးတက် စေခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံ ခုံအဖွဲ့ရုံး | သုတေသန အစီရင်ခံစာများ ထုတ်ပြန်ခြင်း | အယူခံစနစ် စီမံ ခန့်ခွဲမှုကို အထောက်အကူ ဖြစ်စေခြင်း။ |
| ၃.၃။ ပွင့်လင်း မြင်သာ၍ တရားမျှတ မှန်ကန်သည့် ခေတ်မီ နည်းစနစ်များ ကျင့်သုံးခြင်းဖြင့် အဂတိ ကင်းစင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း။ | | | | | |
| ၃.၃.၁။ အခွန်အယူခံစနစ် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ် များအား အခွန်ထမ်းများ လွယ်ကူစွာ လက်လှမ်းမီ နိုင်မည့် ခေတ်မီ နည်းစနစ် များ ဖြင့် ပံ့ပိုးပေးခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန် အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | အခွန်အယူခံ ခုံအဖွဲ့ Website ဖြင့် သတင်း အချက်အလက် များ ထုတ်ပြန်ခြင်း၊ ဆွေးနွေး ပွဲများ၊ ဟောပြောပွဲ များ ဆောင် ရွက်ခြင်း | အခွန်ထမ်း များ၏ အခွန်ရှောင်မှု လျှော့ချ နိုင်ခြင်း၊ မီဒီယာ အင်အား ကို အသုံး ပြု၍ ပွင့်လင်း မြင်သာသော အခွန် အယူခံဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်ပေးနိုင်ခြင်း၊ |
| ၃.၃.၂။ အခွန်ထမ်းများ၏ အယူခံ လျှောက်ထား ချက်များနှင့် စပ်လျဉ်း၍ သိလိုသည်များ အပေါ် ပြန်ကြားခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန် အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | စုံစမ်းရေး ဌာန (Call center) ဖွင့်လှစ် ဆောင်ရွက်ခြင်း | |
| ၃.၃.၃။ အကောင်အထည်ဖော်မှု နှင့် တိုးတက်မှု အစီရင်ခံ တင်ပြမှု အားကောင်းစေရန် နှင့်လိုအပ်သော ကိစ္စရပ်များ အတွက် အခွန်ထမ်းများအား အသိပေး သည့် အစီအမံ များ ဆောင်ရွက်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန် အယူခံ ခုံအဖွဲ့ နှင့် အယူခံ ခုံအဖွဲ့ရုံး | သုံးလပတ်၊ ခြောက်လ ပတ်၊ နှစ်ပတ်လည် အစီရင်ခံစာများ တင်ပြခြင်း နှင့် အခွန်အယူခံ ခုံအဖွဲ့ Website ဖြင့် သတင်း အချက် အလက်များ ထုတ်ပြန် နိုင်ခြင်း | |

## မဟာဗျူဟာ ( ၄ )

နိုင်ငံတကာ နှင့် ဒေသတွင်း အယူခံခုံ အဖွဲ့ များနှင့် ချိတ်ဆက် ပူးပေါင်း၍ အယူခံခုံ အဖွဲ့အား နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ခေတ်မီ တိုးတက်အောင် ဆောင်ရွက်ရေး။




# အခွန်အယူခံ ခုံအဖွဲ့၏ မဟာဗျူဟာ၊ နည်းဗျူဟာ နှင့် လုပ်ငန်း အစီအစဉ်များ
(၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ထိ)

**မဟာဗျူဟာ ၄။** နိုင်ငံတကာ နှင့် ဒေသတွင်း အယူခံခုံအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ အယူခံ ခုံအဖွဲ့အား နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး။

| နည်းဗျူဟာ အစီအစဉ်များ | ဦးစားပေး အဆင့် | အချိန်သတ်မှတ်ချက် | တာဝန် ရှိသော အကောင်အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| ၄.၁။ ဒေသတွင်းနိုင်ငံများတွင် ကျင့်သုံးနေသည့် အယူခံမှု လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်၍ အယူခံမှု လုပ်ငန်းစဉ်များကို တိုးတက် ကောင်းမွန်ရေး အတွက် ဆောင်ရွက်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန် အယူခံ ခုံအဖွဲ့ရုံး | နိုင်ငံအလိုက် သုတေသန လေ့လာချက် စာတမ်းများ ထုတ်ပြန် နိုင်မှု | အယူခံမှု လုပ်ငန်းစဉ် များ ပိုမိုထိရောက်ပြီး တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာ မှု ရှိသည့် အစိုးရ ဖြစ်လာ ရန် အထောက် အကူ ဖြစ်စေ ခြင်း။ |
| ၄.၂။ ဒေသတွင်း နိုင်ငံများ၏ အယူခံမှုဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များအား လေ့လာဆန်းစစ်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန် အယူခံ ခုံအဖွဲ့ရုံး | ဥပဒေ ဆိုင်ရာ လေ့လာချက် စာတမ်း ထုတ်ပြန်နိုင်မှု | အယူခံမှု လုပ်ငန်း စဉ် များ ပိုမိုထိရောက်ပြီး တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာ မှု ရှိသည့် အစိုးရ ဖြစ်လာ ရန် အထောက် အကူ ဖြစ်စေ ခြင်း။ |
| ၄.၃။ နိုင်ငံတကာနှင့် ဒေသတွင်းအခွန်အယူခံ ခုံအဖွဲ့များ နှင့် ဆက်သွယ်ခြင်း၊ အဖွဲ့အစည်း များတွင် အဖွဲ့ဝင် ဖြစ်ရေး ကြိုးပမ်း ဆောင်ရွက်ခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန် အယူခံ ခုံအဖွဲ့ရုံး | ပြည်ပသို့ ဆက်သွယ် ချိတ်ဆက် ဆောင်ရွက် နိုင်မှု | နိုင်ငံတကာ အလေ့အထ များနှင့် ကိုက်ညီ ပြီး အခွန် လုပ်ငန်းစဉ် နှင့် လုပ်ထုံး လုပ်နည်း များကို ပိုမို ကောင်းမွန် ထိ ရောက် စေ ခြင်း။ |
| ၄.၄။ လက်ရှိ အခွန်အယူခံခုံအဖွဲ့ ဥပဒေ/ နည်းဥပဒေ ပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီမှု ရှိစေရန် ပြုပြင်ခြင်း။ | အဆင့် ၁ | ၂၀၂၀-၂၀၂၁ | အခွန်အယူခံ ခုံအဖွဲ့ဝင်များ နှင့် အခွန် အယူခံ ခုံအဖွဲ့ရုံး | ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်း ကော်မတီ သို့ တင်ပြခြင်း နှင့် ပြည်ထောင်စု အစိုးရ အဖွဲ့ရုံး ဝန်ကြီး ဌာနသို့ တင်ပြနိုင်မှု | နိုင်ငံတကာ အလေ့အထ များနှင့် ကိုက်ညီ ပြီး အခွန် လုပ်ငန်းစဉ် နှင့် လုပ်ထုံး လုပ်နည်း များကို ပိုမို ကောင်း မွန် ထိ ရောက် စေ |

| နည်းဗျူဟာ အစီအစဉ်များ | ဦးစား ပေး အဆင့် | အချိန် သတ်မှတ်ချက် | တာဝန် ရှိသော အကောင် အထည် ဖော်ရမည့် ဌာန | ရလဒ်ပိုင်းဆိုင်ရာ တိုင်းတာချက်များ | ရလဒ် |
|---|---|---|---|---|---|
| | | | | | ခြင်း။ |
| ၄.၅။ နိုင်ငံတကာနှင့် ဒေသတွင်းအယူခံ ခုံအဖွဲ့ ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာရပ် ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများ ကျင်းပခြင်း။ | အဆင့် ၂ | ၂၀၂၁-၂၀၂၂ | အခွန်အယူခံခုံ အဖွဲ့ဝင်များ နှင့် အခွန်အယူခံခုံ အဖွဲ့ရုံး | ပြည်ပသို့ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်မှု နှင့် သင်တန်း များ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် ဟောပြောပွဲများ ကျင်းပနိုင်မှု | နိုင်ငံတကာ အလေ့အထ များနှင့် ကိုက်ညီ ပြီး အခွန် လုပ်ငန်းစဉ် နှင့် လုပ်ထုံး လုပ်နည်း များကို ပိုမို ကောင်းမွန် ထိ ရောက် စေခြင်း။ |


စွမ်းဆောင်ရည် မြင့်မားသော
အခွန် စီမံခန့်ခွဲမှု တိုးတက် ဖြစ်ထွန်းရေး အတွက် ပွင့်လင်းမြင်သာပြီး မျှတ မှန်ကန်သည့် အခွန်အယူခံ စနစ်ဖြင့်
ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည် အားထားမှုကို မြှင့်တင်ရန်
အယူခံ တင်သွင်း သော အမှုများ စီရင် ဆုံးဖြတ် ရာတွင် မှန်ကန် မျှတ စေရေး။
အခွန်အယူခံ ခုံအဖွဲ့ နှင့် ဝန်ထမ်း များ၏ စွမ်း ဆောင်ရည် မြှင့်တင် ရေး။
အခွန် စီမံခန့်ခွဲမှု စနစ်အပေါ် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန် ထမ်းဆောင်သူများ၏ ယုံကြည်မှု တိုးတက် လာစေရေး။
နိုင်ငံ တကာ နှင့် ဒေသတွင်း အယူခံခုံ အဖွဲ့ များနှင့် ချိတ် ဆက် ပူးပေါင်း၍ အယူခံခုံ အဖွဲ့ အား နိုင်ငံတကာ စံနှုန်း များ နှင့် အညီ ခေတ်မီ တိုးတက် အောင် ဆောင် ရွက် ရေး။
အယူခံ တင်သွင်းလာသော အမှု များကို အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ နှင့်အညီ စီရင် ဆုံးဖြတ် ခြင်း။
အမှုများ ကြားနာမှု စီရင်ဆုံး ဖြတ်မှု ဆိုင်ရာ စံနှုန်းကို စဉ်ဆက် မပြတ် ဆန်းစစ် အကဲဖြတ်သည့် နည်းလမ်း ကို ကျင့်သုံးခြင်း။
အယူခံမှုများကို ပြောင်းလဲ တိုးတက် လာသော ခေတ် စနစ်၏ အသိ အမြင် သစ်များ နှင့်အညီ ဆင်ခြင်တုံ တရား ဖြင့် မျှတစွာ ဆုံးဖြတ်၍ ဥပဒေ နှင့်အညီ တည့်မတ် မှန်ကန်စွာ စီရင် ခြင်း။
မဟာဗျူဟာ ကို အကောင် အထည်ဖော် ဆောင်ရွက် ရာ တွင် တွေ့ကြုံ ရမည့် အခက် အခဲများ၊ စိန်ခေါ်မှု များကို ရင်ဆိုင် ဖြေရှင်းနိုင်ရန် ခေါင်း ဆောင်မှုနှင့် စီမံ ခန့်ခွဲမှု ဆိုင်ရာ အရည်အသွေးများ မြှင့်တင် နိုင်ရန် ဆောင်ရွက်ခြင်း။
ဝန်ထမ်းအသစ်များ ဖြည့်ရွက် ခန့်ထား ခြင်းနှင့် လုပ်ငန်း ခွင် တည်ငြိမ် စေရေး ဆောင် ရွက်ခြင်း၊
လေ့ကျင့်ရေး လိုအပ်ချက်များ (Training Needs) ကို သတ် မှတ် ဖော်ထုတ်၍ သင်ကြား ပို့ချခြင်း။ အသိ ပညာ ဖြန့်ဝေ ခြင်း၊
သတင်းအချက်အလက် နှင့် နည်းပညာ ကို ရုံးလုပ်ငန်း များ တွင် ပေါင်းစပ် အသုံး ပြုခြင်း။
ဝန်ထမ်းများအတွက် စိတ်ရော ကိုယ်ပါ လုံခြုံမှု အပြည့်အဝ ပေးနိုင်သော ကောင်း မွန်သော လုပ်ငန်းခွင် နှင့် သာယာ ပျော်ရွှင်မှု ကို ဖန်တီးပေးခြင်း၊
ခေတ်စနစ် နှင့်အညီ လိုက် လျော ညီထွေ ဖြစ်စေမည့် အခွန် စီမံခန့်ခွဲမှု စနစ်၏ ပြုပြင် ပြောင်းလဲမှု ကို အထောက် အကူဖြစ်စေမည့် အခွန် အယူခံ စနစ် တည်ဆောက်ခြင်း။
ခုံအဖွဲ့၏ တရားစီရင်မှုနှင့် ခုံ အဖွဲ့ရုံး၏ ဝန်ဆောင်မှု စွမ်း ဆောင်ရည် ရေရှည် မြင့်မား တိုးတက်ရေး အတွက် ဆောင် ကြဉ်လေ့လာ သုံးသပ် တင်ပြ သည့် သုတေသန လုပ်ငန်း တစ်ခု ဖြစ်ပေါ် လာစေခြင်း။
ပွင့်လင်း မြင်သာ၍ တရားမျှတ မှန်ကန်သည့် ခေတ်မီ နည်း စနစ်များ ကျင့်သုံးခြင်း၊ ဖြန့် အဂတိ ကင်းစင်ရေး ကြိုးပမ်း ဆောင်ရွက်ခြင်း။
ဒေသတွင်း နိုင်ငံများတွင် ကျင့်သုံး နေသည့် အယူခံမှု လုပ်ငန်းစဉ် များကို လေ့လာ ဆန်းစစ်၍ အယူခံမှု လုပ်ငန်း စဉ် များကို တိုးတက် ကောင်း မွန်ရေး အတွက် ဆောင်ရွက် ခြင်း။
ဒေသတွင်း နိုင်ငံများ၏ အယူ ခံမှု ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက် များအား လေ့လာ ဆန်းစစ် ခြင်း။
နိုင်ငံတကာနှင့် ဒေသတွင်း အခွန်အယူခံ ခုံအဖွဲ့များ နှင့် ဆက်သွယ်ခြင်း။ အဖွဲ့ အစည်း များတွင် အဖွဲ့ဝင် ဖြစ်ရေး ကြိုးပမ်း ဆောင်ရွက်ခြင်း။
လက်ရှိ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ၊ နည်းဥပဒေ ပါ ပြဋ္ဌာန်း ချက်များကို နိုင်ငံတကာ စံနှုန်း များနှင့် ကိုက်ညီမှု ရှိစေရန် ပြုပြင်ခြင်း။
နိုင်ငံတကာ နှင့် ဒေသတွင်း အယူခံ ခုံအဖွဲ့ ဆိုင်ရာ အဖွဲ့ အစည်းများ နှင့် ပူးပေါင်း၍ ပညာရပ် ဆိုင်ရာ သင်တန်း များ၊ အလုပ်ရုံ ဆွေးနွေးပွဲများ နှင့် ဟောပြော ပွဲများ ကျင်းပ ခြင်း။
ယုံကြည် မျှတ မှန်ကန် အခွန် အယူခံ
ပွင့်လင်းမြင်သာမှု
လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု
ဖြောင့်မတ်မှန်ကန်မှု နှင့် ယုံကြည် ကိုးစားမှု
တန်းတူ ညီမျှမှု နှင့် တရား မျှတမှု
အခွန်ထမ်းများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးမှု


ယုံ
ကြည်
ရှု
တ
မှန်
တန်
အ
စိန်
အ
ယူ
ဝံ